သခင့်စကား
ဝိညာဉ်ရေးဂျာနယ်

သင်တို့သည် ငါ၌ တည်၍ ငါ့စကားသည် သင်တို့၌ တည်လျှင် သင်တို့သည် တောင်းချင်သမျှကို တောင်း၍ ရကြလိမ့်မည်။ ယော ၁၅း၇

အမှတ်စဉ် (၄၉) စက်တင်ဘာလ ၂၀၀၅ ခုနှစ် ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )

# မယားလေးယောက်ပိုင်ရှင်



သိပ်ပြီးတော့ ချမ်းသာကြွယ်ဝတဲ့အပြင် ဂုဏ် အသရေ သိက္ခာနဲ့ ပြည့်စုံတဲ့ ကုန်သည်ကြီး တစ်ဦးဟာ မယားလေးယောက်ကို တပြိုင်တည်း လက်ထပ်ပေါင်းသင်းပြီး ပျော်ပျော်ရွှင်ရွှင် နေထိုင် လျှက်ရှိနေသတဲ့။

## စတုတ္ထ မယား

ကုန်သည်ကြီးဟာ မယား လေးယောက်ထဲမှာ စတုတ္ထမယားကို အချစ်ဆုံးတဲ့၊ လောကကြီးထဲက သူလက်လှမ်း မှီသမျှ ကောင်းပေ့ ညွန့်ပေ့ဆိုတဲ့ ဝတ်ကောင်းစားလှတွေနဲ့ စတုတ္ထမယားကို ဝတ်ဆင်စေပြီး၊ တန်ဖိုးကြီးပေ့၊ အရည်အသွေး ကောင်းပေ့ဆိုတဲ့ လက်ဝတ်ရတနာတွေနဲ့လဲ မွမ်းမံ စေခဲ့တယ်။ ချိုပေ့ မြိန်ပေ့ဆိုတဲ့ ထူးကဲတဲ့ အနံ့အရသာနဲ့ ပြည့်စုံတဲ့ စားကောင်း သောက်ဖွယ်တွေနဲ့ ကျွေးမွေးပြုစုခဲ့တယ်။ ခြေမွေး မီးမလောင် လက်မွေး မီးမလောင် ဘဝမျိုးနဲ့ နာဖျားတဲ့ အခါမှာလဲ ဆရာကောင်း သမားကောင်းတွေနဲ့ ကုသလေ့ရှိပြီး တုန်နေအောင် ချစ်ခဲ့ပါသတဲ့။

## တတိယ မယား

တတိယ မယားကိုလဲ ကုန်သည်ကြီးက သိပ်ချစ်ပါတယ်။ သူ့ မိတ်ဆွေ အပေါင်းအသင်းတွေရှေ့မှာ ကုန်သည်ကြီးဟာ တတိယ မယားကို ထုတ်ထုတ်ပြပြီး ဂုဏ်ယူဝါကြွားလေ့ရှိပါတယ်။ ကုန်သည်ကြီးဟာ တတိယ မယားကို သိပ်ချစ်သလို သိပ်ပြီးတော့လဲ စိုးရိမ်ခဲ့ပါတယ်။ သူ့လက်ထဲကနေ သူ့မယားကို ဘယ်သူများ လာယူဆောင်သွားမလဲ၊ သူ့တတိယ မယားကရော ဘယ်တော့များ တခြားယောကျ်ားတွေနောက် ကောက်ကောက်ပါအောင် လိုက် သွားမလဲဆိုပြီး အမြဲ စိုးရိမ်ကြောင့်ကြခဲ့ရပါတယ်။ ဒါဟာလဲ တစ်ဘက်သတ် ချစ်တတ်လွန်းသူတွေရဲ့ ဒုက္ခတစ်ခုပါဘဲ၊ ကုန်သည်ကြီး ဟာ အဲဒီ ဒုက္ခကို ခံပြီး တတိယ မယားကို ချစ်ခဲ့ရတဲ့သူ ဖြစ်ပါတယ်။

## ဒုတိယ မယား

ကုန်သည်ကြီး ဘဝင်ခိုက်သွားစေတဲ့ မယားထဲမှာ ဒုတိယမယားလဲ အပါအဝင်ဖြစ်ပါတယ်။ ဒုတိယ မယားဟာ ကုန်သည်ကြီးအပေါ် အမြဲ စာနာ ထောက်ထား သည်းခံ၊ ကိုယ်ချင်းစာ ယိုင်းပင်း ကူညီတတ်တဲ့ စိတ်ထား ကောင်းသူလေး ဖြစ်ပါတယ်။ ကုန်သည်ကြီးရဲ့ အတွင်းရေးတွေကို သိသူ ဖြစ်သလို ကုန်သည်ကြီးရဲ့ အားကိုးရတဲ့ လူယုံတစ်ဦးလဲ ဖြစ်ပြန်ပါတယ်။

ဒ့ါကြောင့် ကုန်သည်ကြီး အရေးကြီးတဲ့ ပြဿနာကြုံတိုင်း ဒုတိယ မယားက ဒိုင်ခံ ကြားဝင် ကူညီ ဖြေရှင်း အကြံဉာဏ် ပေးလေ့ရှိပါတယ်။ ကုန် သည်ကြီးကလဲ ဒုက္ခရောက်တိုင်း ဒုတိယမယားဆီမှာ လာပြီး အကူအညီ တောင်းခံလေ့ရှိပါတယ်။

## ပထမ မယား

သူကတော့ ကုန်သည်ကြီး အပေါ်မှာ အမြဲ သစ္စာရှိပြီး ချစ်တဲ့သူ ဖြစ်ပါတယ်။ ပထမ မယားဟာ ကုန်သည်ကြီးပိုင်တဲ့ စည်းစိမ်ဥစ္စာ၊ ရွှေငွေ ရတနာ၊ အိမ်ထောင် ပရိဘောဂတွေကို မပျောက်မပျက် မဆုံးရှုံးရအောင် ထိန်းသိမ်းတဲ့သူ ဖြစ်ပါတယ်။ မယားဝတ္တရား ကျေပွန်သူလေးဖြစ်ပြီး အိမ်ရှင်မ ကောင်းပီသတဲ့ ဇနီးကောင်း တစ်ယောက်ဖြစ်ပါသတဲ့။ ဒါပေမဲ့ ကုန်သည်ကြီး ကတော့ သူ့ရဲ့ ပထမ မယားကို လုံးဝ မချစ်ဘူး၊ ကရုလဲ မစိုက်ဘူးတဲ့။

ပထမ မယားက ကုန်သည်ကြီးကို အရမ်းချစ်ပေမဲ့ ကုန်သည်ကြီး ကတော့ ပထမ မယားကို ရှိတယ်လို့တောင် မထင်ခဲ့ဘူးတဲ့လေ။

တစ်နေ့ –

ကုန်သည်ကြီး နေထိုင်မကောင်းဖြစ်ပြီး သေလုမျောပါး ဖြစ်တဲ့ ရောဂါ တစ်ခုကို အပြင်းအထန် ခံစားနေရတယ်။ ဒီရောဂါနဲ့ဘဲ မကြာခင် သေရတော့ မယ်လို့ သူ့ကိုယ်သူ သိလိုက်ရလို့ အရမ်း တုန်လှုပ် ချောက်ခြား သွားပါတော့တယ်။



အဲဒီအချိန်မှာ အိပ်ယာပေါ်မှာ သူ့ အကြောင်း သူ ပြန်စဉ်းစားမိ လိုက်တယ်။ ငါ့ဆီမှာ ဉာဏ်ပညာ၊ ဂုဏ်အသရေ၊ စည်းစိမ်ဥစ္စာ၊ အဆင့်အတန်း၊ မိတ်ဆွေ အပေါင်းအသင်း၊ မယားလေးယောက် တောင်ရှိတယ်။ ဒါပေမဲ့ အခုအချိန်မှာ ငါသာ သေသွားရင် တစ်ယောက်တည်း အထီးကျန်ဖြစ်သွားတော့မယ်၊ ငါတစ်ယောက်တည်း ဖြစ်သွားတော့မယ်။ ငါ တစ်ယောက်တည်း ... ... ဆိုတဲ့ အတွေးတွေ ဝင်လာပြီး သူ့ရဲ့ မယားလေးယောက်ကို တစ်ယောက်ချင်းစီ ခေါ်ပြီး ဒီလို မေးပါတော့တယ်။

စတုတ္ထ မယား ကို –

မင်းကို ငါအချစ်ဆုံးဘဲ၊ ဒ့ါကြောင့် ကောင်းပေ့လှပေ့ဆိုတဲ့ အဝတ်အထည်တွေ၊ ကျောက်မျက်ရတနာတွေ၊ စားကောင်းသောက်ဖွယ်တွေနဲ့ အလှဆင် ကျွေးမွေးပြုစုခဲ့တယ်။ အခုအချိန်မှာ ငါသေရတော့မယ်။ ဒ့ါကြောင့် ငါသေတဲ့ အခါမှာ ငါ့ရဲ့ အနားမှာ အဖော်အဖြစ် ငါနဲ့ အတူတူ သေအတူ ရှင်မကွာ လိုက် သေလှဲ့ပါလို့ တောင်းဆိုလိုက်ပါတယ်။

စတုတ္ထ မယား မျက်နှာကို မဲ့ရွဲ့လိုက်ပြီး၊ အို – ရှင် ဘယ်လောက်ဘဲ ချစ်ချစ်၊ သေတဲ့အခါမှာတော့ အတူတူ လိုက်မသေနိုင်ပါဘူး လို့ ယတိပြတ်ပြောပြီး ကုန်သည်ကြီး အနားက လှစ်ကနဲ ထွက်ခွာသွားသတဲ့။ စတုတ္ထ မယားရဲ့ စကားက ကုန်သည်ကြီးရဲ့ နှလုံးသားကို ဓါးထက်ထက်နဲ့ ပါးပါးလှီးသလို ခံစားလိုက်ရရှာသတဲ့။

ကြေကွဲ ဝမ်းနည်းနေတဲ့ ကုန်သည်ကြီးက တတိယ မယားကိုလဲ – မင်း ကို ငါ အသက်နဲ့အမျှ ချစ်ခဲ့ပါတယ်။ အခု ငါ သေရတော့မယ်။ ငါသေရင် မင်း ငါနဲ့ အတူ အဖော်အဖြစ် လိုက် သေရဲသလားလို့ မေးလိုက်ပါတယ်။ တတိယ မယားက ပထမတော့ အံ့ဩသွားတယ်၊ နောက်တော့မှ မချိုမချဉ် မျက်နှာနဲ့ လှောင်ပြုံး ပြုံးလိုက်ပြီး ဟာ ဘယ်လိုဖြစ်တာလဲ၊ ကြောင်လှချည်လား၊ ရှင် သေတာနဲ့ ကျွန်မက ဘာဖြစ်လို့ လိုက်သေရမှာလဲ၊ လူ့ဘဝဆိုတာ ရခဲတယ်။ ဒီမှာ ပျော်လို့ မဝသေးဘူး။ သေစရာ ရှိရင်တော့ ရှင့်ဘာသာ တစ်ယောက်ထဲ သွားသေ၊ ကျွန်မကို အဖော် လာမစပ်နဲ့၊ ရှင်သေသွားရင် ကျွန်မ

သခင့်စကား
လေးနှစ်ပြည့်
အမှတ်တရ–၂

ဤစာစောင်သည် သခင့်စကားစာစောင် ၄၉ ကြိမ်မြောက် ( လေးနှစ်ပြည့် ) အမှတ်တရ–၂ ( အထူးထုတ်) ဖြစ်သည်။ အဘက်ဘက်မှ ပါဝင်ပေးဆပ်ကြသူ အားလုံးကို ကျေးဇူးတင်ကြောင်းနှင့် ဘုရားသခင် ကောင်းကြီးပေးစေရန် ဆုမွန်ကောင်း တောင်းပါသည်။ ဆက်လက် ပါဝင်ပေးဆပ်ကြပါရန် မေတ္တာဖြင့် ဖိတ်ခေါ်ပါသည်။

ဝမ်းမနည်း တဲ့အပြင် နောက်ယောက်ျားတောင် ထပ်ယူပြလိုက်အုံးမယ်၊ သိရဲ့လား လို့ ပျစ်ပျစ် နှစ်နှစ် ပြောလိုက်ပါလေရောတဲ့။

တတိယ မယားရဲ့ စကားက ကုန်သည်ကြီးရဲ့ နှလုံးသွေးကို ခဲလု မတတ် ခံစားသွားစေခဲ့ပါတယ်။

ကုန်သည်ကြီးက ဆက်ပြီး ဒုတိယ မယားကို – မင်းနဲ့ငါ ပေါင်းသင်းခဲ့တဲ့ အိမ်ထောင်သက်တမ်း တစ်လျှောက်မှာ ငါအကူအညီလိုတိုင်း မင်းဆီ လာခဲ့တယ်။ လာတိုင်းလဲ မင်းကူညီခဲ့တယ်။ အကြံဉာဏ်တွေ ပေးခဲ့တယ်။ အေး အတူ ပူအမျှ ဒုက္ခ သုခတွေကို မျှဝေ ခံစားခဲ့လို့ မင်းကို ငါ့ရဲ့ ပါရမီ ဖြည့်ဘက် အဖော်မွန် အဖြစ် ငါအသိအမှတ် ပြုခဲ့တယ်။ အခု ငါ အရမ်း အကူအညီ လိုအပ်နေတယ်၊ တကယ်လို့ ငါသေသွားခဲ့ရင် ငါ့ကို နောက်ဆုံးသော ကူညီခြင်း အနေနဲ့ ငါနဲ့ အတူ အဖော်အဖြစ် လိုက်သေ ပေးဖို့ မေတ္တာ ရပ်ခံ ချင်ပါတယ် လို့ အားကိုးတကြီး တောင်းဆိုလိုက်ပါတယ်။

အဲဒီအချိန်မှာ ဒုတိယ မယားက ဝမ်းနည်းပါတယ်၊ အခုအချိန်မှာ ကျွန်မ ရှင့်ကို လုံးဝ မကူညီနိုင်တော့ပါဘူး။ အဆုံးစွန်ဆုံး ကူညီနိုင်တာ တစ်ခု ကတော့ ရှင်သေသွားရင် ပုပ်ပွနေတဲ့ ရှင့်အလောင်းကို သင်္ချိုင်းကုန်းထဲက အုတ်ဂူထဲ ရောက်အောင် ကျွန်မ တာဝန်ယူပြီး သင်္ဂြိုဟ်ပေးပါ့မယ်။ ဒီ့ထက်ပိုပြီး ကျွန်မ မကူညီနိုင်ပါဘူး လို့ တစ်လုံးချင်း ပြောလိုက်တဲ့ စကားက ကုန်သည်ကြီးရဲ့ နားဝမှာ မိုးကြိုးပစ်သံလို မြည်ဟီးလို့ သွားပါတော့တယ်။

အဲဒီအချိန်မှာ – ရှင် ဘယ်သွားသွား ကျွန်မ ရှင်နဲ့ တစ်ဖဝါးမှ မခွာ လိုက်ခဲ့ပါ့မယ်၊ ရှင့်ကို ဘယ်တော့မှ မစွန့်ပစ်ပါဘူး ဆိုတဲ့ စကားသံကို ကြား လိုက်ရတာမို့ ကုန်သည်ကြီးက မော့ကြည့်လိုက်တော့ လေးနက်တည်ကြည် တဲ့ မျက်နှာထားနဲ့ သူ့ရဲ့ ပထမ မယားကို နီးနီးကပ်ကပ် တွေ့လိုက်ရတယ်။ သေသေချာချာ ကြည့်လိုက်မိတော့မှ ပထမ မယားဟာလဲ သူ့လို အားနည်း ဖျော့တော့ ပိန်လှီပြီး ပြင်းထန်တဲ့ ဝေဒနာတစ်ခုကို ခံစားနေရတဲ့ ပုံပေါ်နေတာ ကို တွေ့လိုက်ရပါတယ်။

စဉ်းစားကြည့်ရင် ကျွန်တော်တို့ လူသား အယောက်စီတိုင်းမှာ မယား လေးယောက် စီ ရှိကြပါတယ်။



၁) ***စတုတ္ထ မယား*** – ကိုယ်ခန္ဓာ ( မိမိတို့ရဲ့ ခန္ဓာကိုယ်ကို ဘယ်လောက်ဘဲ ကြံ့ခိုင်သန်မာ နုရွလှပအောင် လုပ်စေ ကာမူ သေသွားတဲ့ တစ်နေ့ ချန်ထားရစ် ခဲ့ရလိမ့်မယ် )

၂) ***တတိယ မယား*** – စည်းစိမ်ဥစ္စာ၊ ရွှေငွေ ကျောက်မျက် ရတနာ၊ ပညာ၊ ရာထူး၊ အဆင့် အတန်း ။



(ဘယ်ဥစ္စာတွေဘဲ ပိုင်ပိုင်၊ ဘာ ရာထူးဘဲ ရရ၊ သေသွားရင် ကိုယ့်ဥစ္စာနဲ့ ကိုယ့် ရာထူးကို သူများ ရသွားပါလိမ့်မယ် )

၃) ***ဒုတိယ မယား*** – မိသားစု၊ ဆွေမျိုး မိဘ ညီအစ်ကို မောင်နှမ၊ မိတ်ဆွေ သူငယ်ချင်း၊ ဇနီး သားမယား ချစ်သူ ။



( ဘယ်လောက်ဘဲ ရင်းနှီးကျွမ်းဝင် ချစ်ခင် စေကာမူ သင်သေရင် သင့် အုတ်ဂူ အထိဘဲ သူတို့ လိုက်ပို့ပေးနိုင်ပါတယ်။ ပြီးတော့ သေသောသူ ကြာရင်မေ့ ဆိုတဲ့ စကားလို သင့်ကို သူတို့ မေ့မေ့ ပျောက်ပျောက် ဖြစ်သွားပါလိမ့်မယ်။ )

၄) ***ပထမ မယား*** – သင် မမြင်နိုင်တဲ့ သင့်အထဲက သင့်ရဲ့ ဝိညာဉ် ( သင် မွေးကတည်းက သင်နဲ့ အတူရှိပြီး၊ သင် သေသွားပြီးတဲ့တိုင် သင့်နဲ့ မကွာ ရှိနေမဲ့ အရာဖြစ်ပါတယ်။ )

ကျွန်တော်တို့ လူတွေအားလုံးဟာ ပညာ၊ ရာထူး၊ ပစ္စည်းဥစ္စာ၊ ရွှေငွေတွေနောက် တကောက်ကောက်လိုက် ရှာဖွေရင်း ကျွန်တော်တို့ နောက်ကို ထပ်ချပ် မကွာ သေတပန် သက်တဆုံး ကပ်လျက် လိုက်ပါနေတဲ့ ကိုယ့်ဝိညာဉ်ကို ကိုယ်မေ့လျော့ သတိလစ် ကရုမပြုသလို ဖြစ်သွားကြပါတယ်။

ကဲ – ဒါဆိုရင် ရှေ့ဆက်ပြီး ဘာလုပ်ရင်ကောင်းမလဲ ။

အနည်းဆုံး သင်လုပ်နိုင်တာကတော့ ဒီအကြောင်းကို သင့် မိတ်ဆွေတွေ သိအောင် လက်ဆင့်ကမ်း သတင်းပေးသင့်ပါတယ်။

ဖြစ်နိုင်ချေ ရှိတာကတော့ သေပြီးမှ ပူဆွေးသောက ရောက်နေမဲ့ အစား မသေသေးခင်မှာ သင့်အသက်ဝိဉာဉ် ကောင်းကျိုးအတွက် တစ်ခုခု စိုက်ပျိုးသင့်ပါတယ်။ ။

**မှီးရှိုး** – ရှာဖွေ၍ **မင်းဧအောင်သက်လွင်** – မြန်မာဘာသာသို့ ပြန်ဆိုသည်။



# သခင့်စကား

ချစ်တဲ့ သူငယ်ချင်း –
သူငယ်ချင်းကောင်း
ဘုရားကျောင်းသွားတို့ရေ...

သက္ကရာဇ် နှစ်ထောင့်တစ် စက်တင်ဘာလ တွင်
သခင့်စကား "အောင်သက်" ကြားလို့
စာရွက်ပေါ်ရေး"ဝတ္ထု" လေးတွေ ၊
သခင့်စကား "စောအေးသော" ကြားလို့
စာရွက်ပေါ်တင် "ကဗျာ" လေးတွေ ၊
သခင့်စကား "နန်းစင်ဖြူ" ကြားလို့
စာရွက်ပေါ်ရေး "ဆောင်းပါး" လေးတွေ ၊
ဘာဖြစ်သလဲမေး ... မေးပါနဲ့အေ ။
သခင့်စကား လူကြိုက်များခဲ့
လစဉ် ပထမပတ် ပွဲတော်အရပ်၌
ဖတ် စေခဲ့သေး ။




ရွှေ အရပ်မှ ၊ ရွှေ ဆံညှပ်နဲ့
ရွှေ နားကပ်ပန်သူတွေလဲ
ဖတ်ကြသလားမေး ... မေးပါနဲ့အေ ။
ရွှေ ခါးပတ်နဲ့ ၊ ရွှေ ကလပ်က
ရွှေ ဖိနပ်စီး ၊ ရွှေထီး ဆောင်းပြီး
ရွှေယပ် ကို ခပ် ၊ ရွှေ လက်ပတ်နဲ့
ရွှေ ပါးစပ်ဖျားမှ ၊ ရွှေ စကားပြောတဲ့
ကိုရွှေအရပ်သား သူကောင်းသားနဲ့
အခြေ သတင်းကြီးတဲ့ ရွှေမင်းသမီးများ
ဖတ်ကြပေါ့လေး ။




ဖထီး အတွက် "သခင့်စကား"
ဆရာ "စိုင်း" တို့အတွက်
"သခင့်စကား"
ဆရာ "နိုင်" တို့အတွက်
"သခင့်စကား"
"ဒူဝါး" ကြီးတို့အတွက် "သခင့်စကား"
"အယ်ဝါး" လေး ကြိုက်တဲ့
"သခင့်စကား"
ဘာဖြစ်သလဲမေး ... မေးပါနဲ့အေ ၊
သခင့်စကား "ရွှေ" ဖြစ်သွားပေါ့
"ရွှေစကား" နားဆင် ရွှေပြည်ဝင်ဖို့
အရှင့်တံခါးဝ အရောက်မှာ
"သခင့်စကား" အစ ကောက်မိစေဖို့
ပြင်ဆင်စို့လေး ။

"သခင့်စကား" လစဉ်ကြားခဲ့
ဆက်လက်ထုတ်ဝေ အုပ်ရေတွေတိုး
တမြတ်တနိုးဖတ် အမြတ်တနိုးသိမ်း
သတင်းကျော်ခဲ့ အသင်းတော်မှာ
အလှမ်းမပျက် ခရီးဆက် ၊
ဘာကြောင့်လဲမေး ... မေးပါနဲ့အေ ၊

လေးနှစ် တိုင်တိုင် ရွှေ ပန်းခိုင်မှ
"ရွှေ စကားပန်း" အမြဲလန်းဆန်း၍
မိုးဆန်း ပန်းနှယ် ၊ ဘုံ အမြင့်ဝယ်
ဂုဏ် တင့်တယ်၏ ၊ ကျေးဇူးတော် မို့လေး
။

ကိုယ်တော့်စကား "ကောင်းကြီးမိုး" လား
သခင့်စကား ထပ်ဆင့်ပွားလို့
"စကား" ပေါင်းချုပ် ပေါင်းပြီးထုတ်ခဲ့
ရောင်းလို့မကုန် ဝေလို့ကုန်ခဲ့
ဘာကြောင့်လဲမေး ... မေးပါနဲ့အေ ။
ကောင်းကြီးမိုးဆွေ လူ့ကမ္ဘာမြေသို့
"အသက်ထာဝရ" လူတိုင်းရဖို့
ကိုယ်တော့်စကား လူတိုင်းကြားဖို့
အများသူငါ ကူညီပံ့ပိုး ၊ ပါဝင်ခဲ့လို့
"အခမဲ့ အသက်" သင့်အတွက် လက်ဆောင်
လူတို့ဘောင်သို့ ယူဆောင်လို့ပ ။

"သခင့်စကား" မြန်ပြည်သား ကြားခွင့်ရပေါ့ အေ ၊
"သခင့်စကား" ကမ္ဘာလူသား ကြားခွင့်ရပေါ့ အေ ၊
"သခင့်စကား" ကြားသူ တရားပေါက်
ဝမ်းမြောက်ကြလော့ အဆွေ ။

ချစ်တဲ့ သူငယ်ချင်း
သူငယ်ချင်းကောင်း
ဘုရားကျောင်းသွားတို့ရေ ...
"အောင်သက်"ကောင်းမှု အကြောင်းပြု၍
တောင်းဆု ခြွေသော်
သခင့်စကား တစ်ကျွန်းလုံး ကြားပေါ့ ၊
ဖတ်သူ "ခွန်အား" ရစေသားကွဲ့ ၊
ဖတ်သူ "တရား" ရစေသားကွဲ့ ၊
ဖတ်သူ "အာမင်" ခေါ်စေကွဲ့လေး ။ ။

**J ဆူး**

(သခင့်စကား လေးနှစ်ပြည့် အမှတ်တရ )
၂၅-၇-၂၀၀၅

## မေ့ပင်အောက်တော့ မရောက်လိုသူပါ



ဘုရားသခင် ပေးထားတဲ့ ကောင်းကြီးများစွာကို ရေတွက် ချီးမွမ်းလိုက်တဲ့အခါ ဘုရားကောင်းကြီးတွေက ကျွန်တော့် ဘဝမှာ ရေတွက်၍ မကုန်၊ ချီးမွမ်း၍ မဆုံးနိုင်အောင် ပေါများလွန်းလှပါတယ်။ ကျွန်တော့်နည်းတူ ကျွန်တော့်ထက် များသော ကောင်းကြီးတွေကို ခံစားရတဲ့သူတွေလဲ ဒု နဲ့ ဒေး ရှိနေပါ တယ်။ လက်ရှိ စင်ကာပူမှာရော ၊ ပြည်မြန်မာ မှာပါ ရှိနေတဲ့ ကောင်းကြီးတွေကို ရေတွက် မယ် ဆိုရင် မကုန်နိုင်ဘူး ဆိုတာ ကျွန်တော် သိပါတယ်။

ဒီကောင်းကြီးတွေထဲမှာ ရေတွက်လို့ရတဲ့ ကောင်းကြီးတွေရှိသလို ရေတွက်လို့ မရတဲ့ ကောင်းကြီးတွေလဲ ရှိတယ်ဆိုတာ ဘုရား သခင်က ကျွန်တော့်ကို ခနခန သွန်သင်တာ ခံစားရပါတယ်။

**မှောင်မိုက်၌ ရှိသော ဘဏ္ဍာ၊ လျှို့ဝှက် စွာ ဝှက်ထားသော ဥစ္စာကို သင်တို့ အား ငါပေးမည်။** လို့ ဟေရှာယ ၄၅း၃ မှာ ဘုရားသခင်ရဲ့ နှုတ်ထွက်စကား ရှိခဲ့ပါတယ်။

"မှောင်မိုက်၌ ရှိသော ဘဏ္ဍာ၊ လျှို့ဝှက်စွာ ဝှက်ထားသော ဥစ္စာ" ဆိုတာ ဘာကို ဆိုလိုတာလဲလို့ ကျွန်တော် စဉ်းစားဆင်ခြင် မိပါတယ်။ အဖြေကို တိတိ ကျကျ မရသေးပါဘူး။ လက်လှမ်းမီတဲ့ ဆရာတွေကို မေးမြန်းကြည့်ပေမဲ့ စိတ်ကျေနပ်တဲ့ အဖြေ မရသေးတဲ့အတွက် သန့်ရှင်းသော ဝိညာဉ်တော်ဘုရားမှ သွန်သင်ပေးဖို့ ဆက်လက် ဆုတောင်းနေဆဲပါ။ ဒီလိုနဲ့ အဲဒီကိစ္စကို မေ့မေ့လျော့လျော့ နေလာခဲ့ရာက ဘုရားသခင်ဆီက အဖြေတစ်ခု ရရှိခဲ့ပါတယ်။ အဲဒီအဖြေကတော့ ဘုရားသခင်က ကျွန်တော့်ကို သူ့ရဲ့ ဘဏ္ဍာထိန်းတစ်ယောက်အဖြစ် ခန့်အပ်လိုက်တယ် ဆိုတာပါဘဲ၊ ကောင်းသော ဘဏ္ဍာထိန်း အဖြစ် တာဝန်ကျေဖို့က ကျွန်တော့်ရဲ့ တာဝန်ဘဲဖြစ်ပါတယ်။

ဒီအဖြေကို ကျွန်တော် သိရပြီးတဲ့နောက်မှာ ဘယ်လိုနည်းနဲ့ ဘုရားသခင်ရဲ့ ဘဏ္ဍာထိန်းကောင်း ဖြစ်ရမှာလဲ၊ ဘုရားက ဘာ ဘဏ္ဍာတွေ ပေးထားလို့ ကျွန်တော်တို့က ထိန်းသိမ်းရမှာလဲ ဆိုတာကိုပါ နားလည်လာခဲ့ပါတယ်။ ဘုရားသခင်က ကျွန်တော်တို့ လူတစ်ယောက်စီတိုင်းကို စွမ်းရည်၊ အချိန်၊ ငွေကြေး ဥစ္စာတွေကို ဘဏ္ဍာအဖြစ် ပေးအပ်ထားပါတယ်။ ဒါတွေကို မပျောက်မပျက် အလဟဿ အချည်းနှီး မဖြစ်ဖို့ ကျွန်တော်တို့ စောင့်ထိန်းရမှာ ဖြစ်ပါတယ်။

စင်ကာပူလို ခေတ်မီတိုးတက်တဲ့ နိုင်ငံမှာ အချိန်ဟာ အလွန်အရေးကြီးပါတယ်။ အချိန်ကို လူတိုင်း ချင့်ချိန်တိုင်းထွာ သုံးစွဲနေကြရပါတယ်။ ကျွန်တော့်ရဲ့ ဘဝမှာ ဘုရားသခင်က အချိန်အများကြီးကို ကောင်းကြီးအဖြစ် ချပေးခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်က အချိန်တွေကို တန်ဖိုးမထားဘဲ၊ မမှန်မကန်သုံးစွဲခဲ့တဲ့ တာဝန်ပျက် အချိန်ဘဏ္ဍာထိန်းဆိုး တစ်ယောက် ဖြစ်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ မေလ ၂၀၀၅ ခုနှစ် ကျွန်တော့်ရဲ့ မွေးနေ့ပွဲမှာ စင်ကာပူကို ခေတ္တခန ရောက်နေတဲ့ ကျွန်တော့် မာမီနဲ့ အတူ ညီအစ်ကို မောင်နှမတွေ စုံစုံလင်လင်နဲ့ မွေးနေ့ညစာ စားပွဲလေး လုပ်တဲ့အခါ ဘုရားသခင်က ကျွန်တော့်ကို ထပ်ပြီး သတိပေးသွန်သင်ခဲ့ပါတယ်။ "သင် အနှစ်တစ်ရာ မနေရ" ဆိုတဲ့ အချိန်ရဲ့ လျင်မြန်ခြင်းကို ကျွန်တော့် အသက်ကို ပြန်လည်ရေတွက် သတိရစေခြင်းဖြင့် သွန်သင်ခဲ့ပြန်ပါတယ်။ သို့သော်ငြားလဲ အမြဲတမ်း အချိန်ကို တန်ဖိုးမထား ဥစ္စာနေကိုလဲ ချင့်ချိန်သုံးစွဲခြင်း မရှိဘဲ ပေါ့ပေါ့တန်တန် တွေးတောနေထိုင်တဲ့ အသက်တာမျိုးနဲ့ ရှင်သန်လာလိုက်တာ ဖွန်လကုန် နောက်ဆုံးပါတ် တနင်္ဂနွေနေ့မှာ သူငယ်ချင်းမ တစ်ဦးနဲ့ သင်းအုပ်ဆရာက အသင်းတော်ရဲ့ ဧဝံဂေလိလုပ်ငန်းမှာ ပါဝင်ဆက်ကပ်ဖို့ ကျွန်တော့်ကို တာဝန် ပေးလာတဲ့အတွက် အိမ်ပြန်ရောက်တဲ့အခါ ဘုရားသခင်နဲ့ ကျွန်တော့်ရဲ့ ရင်းနှီးကျွမ်းဝင်မှုကို ဆင်ခြင်မိလိုက်ပါတယ်။ ဒီလိုခိုင်းစေ တာဝန်ပေးခံရတာဟာ ဘုရားသခင်ရဲ့ အလိုတော်ဘဲလို့ ကျွန်တော် မှတ်ယူလိုက်ပါတယ်။

"မနေ့သည် သင်နှင့် မဆိုင်၊ မနက်ဖြန်ကို သင်တွေ့ချင်မှ တွေ့ရမည်၊ ယနေ့သည် သင့်အဖို့ ဖြစ်သည်" ဆိုတဲ့ စာပိုဒ်ကို သတိတရ ရေရွတ်မိပါတယ်။ ညအိပ်ယာ ဝင်ခါနီးမှာ အလိုတော်ကို ရှင်းလင်းစွာ ဖော်ပြပေးဖို့ ဘုရားသခင်ဆီမှာ ဆုတောင်းခံခဲ့ပါတယ်။

ဩော် – ဘုန်းတန်ခိုး အနန္တနဲ့ ပြည့်စုံကုံလုံတဲ့ ဘုရား၊ အသက်ရှင်တဲ့ ဘုရားရဲ့ မိန့်မှာချက်ကို နံနက်မိုးလင်းတဲ့အခါမှာ ရလိုက်ပါတယ်။

**"ကျေးဇူးတော်၌ ၄င်း၊ ငါတို့ကို ကယ်တင်တော်မူသော အရှင်သခင် ယေရှုခရစ်ကို သိကျွမ်းခြင်း၌၄င်း ကြီးပွားကြလော့။ ၂ပေ ၃း၁၈"**

သိလိုက် ရပါပြီ၊ နောင်တ ရပြီ။ အလိုတော်ကို ရပြီ။ "မေ့ပင် အောက် ရောက်ခဲ့မိတဲ့ အချိန်" တွေအတွက် နမြောတသ ကြေမွတဲ့ နှလုံးသား ဖြစ်ရပြီ။ အချိန်၏ ကောင်းသော ဘဏ္ဍာထိန်းဖြစ်ရန် အချိန်ကို အကျိုးရှိအောင် အသုံးပြုဖို့ ဧဝံဂေလိလုပ်ရန် ဆုံးဖြတ်ခဲ့ပါတယ်။ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ဘုရားသခင်ရဲ့ နာမတော် သာ၍ ဘုန်းကြီးပါစေသော်။

စာရေးဆရာကြီး အမ်မာဆင်က တစ်နှစ်အတွင်း နေ့ရက်တိုင်းသည် အကောင်းဆုံး ဖြစ်ကြောင်း သင်၏ စိတ်နှလုံးပေါ်မှာ ရေးထားပါလို့ ရေးသား ပြောကြားခဲ့ဖူးပါတယ်။ ကျွန်တော်တို့ ယုံကြည်သူ ခရစ်ယာန်တွေက ဝတ်ပြုကိုးကွယ်ခြင်းနဲ့ ဆုတောင်းခြင်းမှာ အချိန်များများ ယူကြပါတယ်။ ဒီထက်မက ပျောက်ဆုံးနေတဲ့ ဝိညာဉ်တွေကို ကယ်တင်ရေးလုပ်ငန်းမှာလဲ အချိန်များများယူပြီး ပါဝင်ပါလို့ တိုက်တွန်းလိုပါတယ်။ ဒီအချိန်ဟာ နောက်ဆုံးသော ကာလ ဖြစ်တာမို့ အချိန်ကို ဘုရားသခင် ဝှက်ထားသော ဘဏ္ဍာတစ်ခု အဖြစ် မှတ်ယူပြီး အကျိုးရှိရှိ အသုံးချနိုင်ဖို့ မိမိနဲ့ နီးစပ်ရာ အသင်းတော် (သို့) မိတ်သဟာယရဲ့ ဧဝံဂေလိ အစီအစဉ်မှာ ပါဝင်ပါ၊ ဧဝံဂေလိ လုပ်ဆောင်မှု မရှိသေးတဲ့ အသင်းတော်မှာ မိမိ ပါဝင်နေတယ်ဆိုရင်လဲ ဧဝံဂေလိလုပ်ဖို့ မိမိကိုယ်တိုင် တစ်ထောင့်တစ်နေရာကနေ ဦးဆောင်ပါဝင်ပါလို့ ဝေငှတိုက်တွန်း လိုက်ပါတယ်။ အမှုတော်မြတ်မှာ ထိုဘဏ္ဍာကို ပျော်ရွှင်စွာ အသုံးပြုကြပါစို့လို့ တိုက်တွန်း နှိုးဆော် လိုက်ပါတယ်။

မေ့ပင် အောက်တော့ မရောက်လိုသူ – ။ စင်ကာပူရောက် ညီအစ်ကို မောင်နှမများအတွက် – –

အမှုတော်မြတ်၌ – **ကိုကြီး** (C.O.S)

00000000000000000000 0000000000000000000000 000000000000000 00 0 000 000 000000

# လက်တို့ပြီးတော့ ပြောလိုက်သည် ( ဆွေးရင့်ဖိုးမိုး )

ဂျမ်းပုံတို့များ ကြမ်းတတ်ပုံက ပုထုဇဉ်လူသား ငနဲသားတွေ အငိုက် တစ်ကွေ့ အရိုက်ထိခဲ့ပေါင်း မနည်းတော့ပြီ။ အဲဒါကြောင့်လည်း အပျိုကညာတွေ စုံတဲ့ပွဲမှာ ကာလသားတွေ ဂျမ်းပုံကို တွေ့တော့ ဝေးဝေးရှောင်နေကြရတော့ တာပေါ့။ ဂျမ်းပုံ ဆိုရင် ယုံကြည်သူ အသင်းတော် မပြောနဲ့၊ တစ်ရွာလုံးက အသိ၊ စေတနာနဲ့ အလှူတကာ ဖိတ်ရင်လည်း အရောက်သွားစား ရုံမက၊ အိမ်ပါ ပြန်သယ် လာတတ်တာမို့ အမေက သမီးအလိမ္မာလေးလို့တောင် ချီးမွမ်း နေသေးရဲ့။



တစ်ရက်မှာ အနည်းဆုံး တစ်ခေါက်လောက် ရွာ အစအဆုံး လျှောက်လည်တတ်ပြီး အတင်းပြောတတ်လွန်းလို့ ရုပ်ရှင်မင်းသမီးလို လူချစ် လူခင် ပေါသလို ၊ လူချဉ် လူငန်အဖြစ် သတ်မှတ်သူက သတ်မှတ်ခံခဲ့ရတဲ့ ဂျမ်းပုံ ပါဘဲရှင်။

ရွာမှာ ဂျမ်းပုံတို့ မသိတာ ဘာမှမရှိ၊ အပ်ကျသလား၊ ကြမ်းပိုးထိုးသလား။ အကုန်သိ၊ ဘာဘဲဖြစ်ဖြစ်ပေါ့လေ၊ ဂျမ်းပုံ ဆိုတာနဲ့ ကလေး အငိုတိတ်၊ ခွေးအဟောင် ရပ်တာမို့ ရွာကလူကြီး တွေ နားညည်း သက်သာတာ အမှန်ပါဘဲ။ နားလည်တာ နားမလည်တာ အသာထား၊ ဟန်ကိုယ့်ဖို့ မို့လို့ စကားပြောရင် ( ဟုတ်ပါဘူး ) အတင်းပြောရင် နှုတ်ခမ်းတလံ ၊ ပါးတစ်တောင်နဲ့ မဲ့ရွဲ့ပြီး အာဘောင်အာရင်း သန်သန် ပြောတတ်တာမို့ လူတွေစိတ်ပါ ဝင်စားလွန်းလို့ ဂျမ်းပုံကို တရားဟောဆရာ (အဲလေ ယောင်လို့ ) အတင်းပြောဆရာမ အဖြစ် သတ်မှတ်ထားကြတာပေါ့။ အတင်းပြောရင်လဲ လက်တို့ပြီး ပြောမှ ကျေနပ်တတ်တဲ့ အတွက် ဘုရားကျောင်းတက်ရင် ဂျမ်းပုံ ဘေးနား

ယောင်ပြီး လာထိုင်သူအတွက် တရားမရဘဲ နားရင်းယောင်ပြီး ပြန်သွားရမယ်သာမှတ်။ သူ့ အမှုအရာကို ကိုယ့် အမှုအရာလို ရှုမှတ်ရမယ်လို့ သမ္မာကျမ်းစာက ပြောထားတဲ့အတိုင်း ဂျမ်းပုံ ရင်ထဲက စေတနာတွေကိုလဲ တစ်စေ့တစ်စောင်း ပြောပါရ စေအုံး။ ရွာမှာဆိုရင် ကြီးတဲ့အမှုကို ငယ်အောင်၊ ငယ်တဲ့အမှုကို ပပျောက် အောင် စေတနာနဲ့ ဝန်ထမ်းနေသူက ဟောဒီက ဂျမ်းပုံ ပါရှင်။

ဥပမာ ပြောရရင် မဟာအမှုတော်မြတ်ကြီး အတွက်ဆိုပြီး မြို့အသင်းတော်က လူတွေ ရွာကိုလာပြီး အလှူခံတော့ ရွာက လင်မယားချင်း ရန်ဖြစ်ပြီး ကွဲကုန်မှာစိုးလို့ ဂျမ်းပုံ ကြားထဲက ဝင်ပါ ခဲ့ရပါသေးတယ်။ အမှုက သေးသေး လေးပါ၊ မကြီးပါဘူး။ စေတနာသာ အဓိကမို့ ရင်ထဲက စေတနာနဲ့သာ အရင်းခံ ပါဝင်ကြပါလို့ စကားလုံး လှလှလေးနဲ့ ရှာကြံပြောလိုက်လို့ လင်မယား ကွဲဖို့ မပြောနဲ့ ပန်းကန်ပြား ကျကွဲသံတောင် မကြားရတော့တာပေါ့။ အဲဒါနဲ့ဘဲ အလှူငွေ လာကောက်တဲ့ မြို့ကြီးသားကိုယ်တော်ချောတွေ လက်ချည်းဗလာနဲ့ ဂျမ်းပုံတို့ ရွာသားတွေရဲ့ စေတနာတွေကိုသာ ရင်မှာပိုက်ပြီး ပြန်သွားရလေရဲ့။ ကိုယ့်ရွာ အသင်းတော် အကြောင်း ကိုယ်သာ အသိဆုံးမို့ ဒီလို စေတနာထားပြီး ဆောင်ရွက်ရတာ လွယ်တယ်လို့ မထင်လိုက်ကြပါနဲ့။ စကားပြောခြင်း၊ ကျင့်ကြံ ပြုမူခြင်း အရာမှာ သူတပါးအတွက် ထိမိ၍ တည်ဆောက်စရာ ဖြစ်ရမယ်လို့ ကျမ်းစာ ရှိတဲ့အတိုင်း ဂျမ်းပုံ တို့က စကားပြောဆိုရာမှာ လိမ္မာပါးနပ်စွာ ဗလုံး ဗထွေး ပြောတတ်ပြီးသား။ ဒါကြောင့် ရွာရဲ့ အရေးမှန်သမျှဆို ဂျမ်းပုံကိုဘဲ အားကိုးကြတာပေါ့။ မယုံရင် ရွာထိပ်က တရုတ်ကြီးကို မေးကြည့်လေ၊ ဂျမ်းပုံကြောင့် သူ့စီးပွားရေး အဆင်ပြေနေတာပေါ့။ အပေါင်ဆိုင်ဖွင့်တဲ့ တရုတ်ကြီးက ရွာက ထမီစုတ် ပါမကျန် လက်မလည်အောင် အပေါင်ခံ ထားရရှာလေရဲ့။ ဒါကလဲ လူတွေရဲ့ အမှုကို ဘုရားသခင်ရဲ့ အမှုလို့ လက်ခံယူပြီး အဆင်ပြေအောင် ကြားဝင်ဖြေရှင်းပေးရတာပါ။ လူမှုရေးတင် မဟုတ်ပါဘူး၊ အသင်းတော် မှာဆိုလဲ ဂျမ်းပုံကို အားကိုးရပြီးသား၊ ဟိုတလောက စာရင်းကိုင်လုပ်တဲ့ သောလု တို့အုပ်စု ဓမ္မပြဇာတ်မှာ ကောင်းကင်ဘုံက သော့ကိုင်တဲ့ ပေတရု အဖြစ် ထိထိမိမိ သရုပ်ဆောင်ကြတော့ ဂျမ်းပုံက ပေတရုနဲ့တွေ့ရင် အခက်မတွေ့ဖို့ လုံ့လစိုက်ပြီး အသင်းတော်ရဲ့ ကျရာ နေရာမှာ ပါဝင်ဆင်နွှဲ အသုံးတော် ခံရတော့ တာပေါ့။

ရွာက ဘုရားကျောင်းကြီးလဲ ခြစားလို့ ယိုင်နဲ့နဲ့ ဖြစ်နေချိန်မှာ ရံပုံငွေကောက်ဖို့ သင်းအုပ်ဆရာက ဂျမ်းပုံကိုဘဲ အားကိုးရတာပေါ့။ အမြင်တုံးတဲ့ ရွာက လူတွေကို အလှူငွေနဲ့ ပါတ်သက်ရင် လက်တို့ပြီးတော့ တောင်းရတာ အတော် ခက်သမို့ အကြံထုတ်ပြီး ခရစ်တော် ဘုရားလို ဥပမာလေးတွေ ပေးပြီး မုတ်ဆိုးမ ရဲ့ ဒင်္ဂါးနှစ်ပြားအကြောင်း ပြောလိုက်တာမို့ ဘုရားကျောင်းက အလှူခံပုံးထဲ ခြူးတစ်ပြားမှ ကျမလာခဲ့ပါ၊

အကြောင်းကတော့ သူတို့ဆီမှာ လှူရမဲ့ ဒင်္ဂါးနှစ်ပြား အခုထိ ရှာလို့ မရသေးတဲ့ အကြောင်း ရွာသားတွေက မြွေလိုလိမ္မာ၊ ချိုးငှက်လို အဆိပ်ကင်းစွာ နဲ့ ပြန်ပြောနိုင်တာမို့လို့ပါဘဲ။ သင်းအုပ်ဆရာလဲ ဂျမ်းပုံကို စိတ်ပျက်ပြီး နောက် လူကို တာဝန်လွှဲပေးလိုက်ရပါတော့တယ်။ ဂျမ်းပုံရဲ့ ဘဝမှာ ရှောလမုန်မင်းကြီးရဲ့ ပညာစကားတွေကို သဘောကျလွန်းလို့ ပညာရှိ စကားကို မှီဝဲဆည်းကပ်တော့ ဗဟုသုတပိုင်းဆိုင်ရာမှာလဲ ရွာကလူတွေနဲ့ တစ်ခြားစီပေါ့။

**ကိုယ့်အကြောင်း ကိုယ်သာသိပြီး ကိုယ်သိတာကို သူတပါး မသိ ပါစေနဲ့** ဆိုတဲ့ ပညာရှိစကား ရှိတာကြောင့် ဂျမ်းပုံရဲ့ နှလုံးသားရေးရာ ကိစ္စ အဝဝကို ရွာကလူတွေ မသိကြရှာပါဘူး။ ဂျမ်းပုံရင်ထဲ ကြိတ်ပုန်း ချစ်နေရရှာတဲ့ မကြာသေးမီက ရွာအသင်းတော်ကို တာဝန်နဲ့ ရောက်လာတဲ့ ဓမ္မဆရာ ငယ်ငယ် ချောချောလေး အကြောင်း ပြောပါရစေအုံး။ အဟမ်း – ။ ဆရာ့ ပုံက ရွာက အကောင်တွေနဲ့များ တစ်ခြားစီပါ။ ဂျမ်းပုံကိုတွေ့ရင် “မ”လို့ ယဉ်ယဉ် ကျေးကျေး သိမ်သိမ် မွေ့မွေ့ ခေါ်ပြောဆက်ဆံလေရဲ့။ “ဟဲ့ ဂျမ်းပုံ” လို့ ခေါ်တတ် တဲ့ ရွာက ငနဲသားတွေရဲ့ အသံက ဂျမ်းပုံ နားဝင်စူးလို့ အသည်းရှ ရပေမဲ့၊ လူငယ် ဆရာရဲ့ “မ” ဆိုတဲ့ အသံလေးကတော့ ဂျမ်းပုံ ရဲ့ အသည်းဘဝင်မှာ နန်းတင် ထိုက်လောက်အောင် ဆွဲဆောင်မှု အပြည့်နဲ့ပါ။ အဲဒါကြောင့် အပျိုတော် ချောချောတွေနဲ့ အပြိုင် ဂျမ်းပုံလဲ “ဆရာ ၊ ဆရာ” နဲ့ ပါးစပ်ဖျားက တဆရာတည်း ဆရာရင်း၊ ခြံထွက် သီးနှံတွေကိုလဲ ဆရာ့ထံ လက်ဆောင်ပေးရတာ အမော၊ ဒီအကြောင်း ကို လူတွေ သတိထားမိမှာစိုးလို့ သူများအကြောင်းဆိုလက်တို့ ပြီးတောင် ပြောတတ်တဲ့ ဂျမ်းပုံ၊ အခုတော့ ယင်ကောင်မ က ဆင်သေလင်အတွက် တွင်းတူး ရသလို တသသနဲ့ ဖြစ်နေရရှာပြီပေါ့။ လောက မှာ မိတ်ဆွေစစ်ဆိုတာ လိုအပ်တယ်လေ။ မိတ်ဆွေစစ်ဆိုတာ သူတပါး အရှက်ကွဲ၊ အကျိုးနည်းအောင် မလုပ် တတ်ဘူးတဲ့၊ အဲဒါကြောင့် ဂျမ်းပုံလဲ ပညာရှိစွာနဲ့ ရင်ဖွင့်စကားပြောဖို့ လူရွေးလိုက်တော့ ရွာရဲ့အဆုံး ခြံပုတ်နံဘေးက တဲအို စုတ်လေးမှာ တစ်ယောက်တည်း နေထိုင်နေတဲ့ နားထိုင်းပြီး မျက်စိမှုန်တဲ့ အဖွားမှုန်ဆီ အရောက်

# ဆရာ



သူဟာ –

သာ ရာ မကူးတဲ့ ဆရာ ၊ အသပြာ မခူးတဲ့ ဆရာ
ဝေဒနာ မပူးတဲ့ ဆရာ ၊ ဝါသနာ မရူးတဲ့ ဆရာ
စေတနာ ထူးတဲ့ ဆရာ ၊ အကြင်နာ ဦးတဲ့ ဆရာ ။
ရယူဖို့ထက် ပေးဝေခြင်းကို မြတ်နိုးတဲ့သူ
အနိုင်ယူခြင်းထက် အနာခံခြင်းကို ခုံမင်တဲ့သူ
ကိုယ့် အကျိုးထက် သူများ အကျိုးကို မျှော်ကိုးတဲ့သူ
ခံယူခြင်းထက် သွန်သင်ခြင်းကို မက်မောတဲ့သူ ။
စေတနာ မှန်တဲ့ ဆရာ ၊ သဒ္ဒါ သန်တဲ့ ဆရာ
အပြစ်ရှာ ရန်စကားတွေထက် ၊ အနစ်နာခံ စကားတွေမြွက် ။
သားတပည့်တွေက ကားစီးပြီး တိုက်ဆောက် ၊
တို့ဆရာကတော့ ဝမ်းမီးတောက် ၊ ဗိုက်မှောက် ။
သားတပည့်တွေက နိုင်ငံရပ်ခြားသွား ၊
တို့ဆရာကတော့ တောခြုံ မြက်ကြား နား ။
ဆရာ့မှာ ဒေါ်လာ မရှိတာ ၊ ဆရာ့ရဲ့ ကတော် သာ အသိဆုံးပါ ။
အိတ်ကပ်မှာ ခြူးတစ်ပြားမှ မဝင်ရင်လဲ
စိတ်ဓါတ်ဟာ ထူးမခြားနား အရင်လိုပါဘဲ ။
ဆရာတွေရဲ့ ဂုဏ်ပုဒ်ဟာ –
ထုတ်နှုတ်၍ မကုန် ၊ ဖော်ကျူး၍ မလောက်
နှင်း တစ်ပေါက်မှ ဝေရက်တောင် အထိ
မိုးထိလဲ မြင့် ၊ မြေနက်ထဲ လျှိုး
တန်ဖိုး ရတနာ ထိုက်တန်လှပါရဲ့ ။
လူ့ဘဝ ခေတ်သမိုင်း တစ်လျှောက်မှာ
ဆရာဆိုတာ မပေါက်ဖွား လာခဲ့ရင် –
ကမ္ဘာဟာ တစ်ခြမ်းပဲ့ သွားလိမ့်မယ်ထင် ။
ဆရာထက် တပည့် မသာ
ဆရာထက် တပည့် လက်စောင်းထက်
ဆရာကောင်း တပည့် ပန်းကောင်းပန်
သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ
ဟုတ်ကဲ့ – ဂါဝရပြုတဲ့
ကျွန်တော့ ကဗျာမှာ အမှားပါရင်လဲ
အရင်တုံးကလို ခွင့်လွှတ်လိုက်ပါအုံးဗျာ ။
ဆရာ မပြ ၊ နည်း မကျတဲ့
ဆရာ ပြခဲ့လို့ ၊ စည်းဝါးနဲ့ ကခဲ့ကြတဲ့
ဘဝ ဇာတ်ခုံပေါ်က ဆရာ့ တပည့်လေးတွေ ။
ဆရာကို အာခံ ၊ အာခေါင်ကို လှံစူးတဲ့
ဆရာကို မနာခံလို့ ပြာလူးတဲ့ ခွေးလို
မြောင်းထဲက ဆရာ့တပည့်လေးတွေ ။
စုပေါင်း ညာညီ လက်အုပ်ချီ၍
ဦးခိုက် “အာမင်” မြွက်ဆိုပါသည်
ကမ္ဘာ အဆုံးတိုင်၊ ဆရာ ပြုံးနိုင်ပါစေ ။

**မင်းဧအာင်သက်လွင်**

( ၁–၉–၂၀၀၅ – **ဆရာများနေ့** အမှတ်တရအဖြစ် ကျွန်တော်၏ ဆရာများ အားလုံးအား ဤကဗျာဖြင့် ဂါဝရပြုပါသည်။ )



သွားလို့ အားရပါးရ ရင်ဖွင့်ချလိုက်ပါတော့တယ်။ အဖွားမှုန် က နားမကြားပေမဲ့ သူများက ကွယ်ရာမှာ နားထိုင်းတဲ့ အဖွားကြီးလို့ အတင်းပြောခံ ထိမှာ စိုးလို့ ဂျမ်းပုံ ပြောတဲ့စကားတွေကို ကြားသလိုလိုနဲ့ သံယောင်လိုက်လို့ ငြိမ်ပြီး ဟန်ဆောင် နားထောင်နေလေရဲ့။ ဒီနေ့တော့ ဂျမ်းပုံ အသည်းကွဲရမဲ့နေ့ ဆိုရင် မမှားပါဘူး။ မော်ဒယ်ခေတ်၊ မော်ဒယ် အဝတ်နဲ့ မော်ဒယ် ဖားပေါင်စင်းတွေက ကမ္ဘာကြီးကို တုန်ခါ လှုပ်နေတော့၊ ဂျမ်းပုံတို့ရဲ့ ရွာထဲမှာလဲ အစာရှောင် ဆုတောင်း ( အဲလေ ဟုတ်ပါဘူး ) အစာရှောင်ပြီး **Cat walk** လမ်းလျှောက်ကျင့်တဲ့ လူငယ် အပျိုမတွေ များသထက် များလာလေရဲ့။ ဘုရားကျောင်း ဆောက်ဖို့ လိုနေတဲ့ ပိုက်ဆံတောင် မော်ဒယ်ရှိုး လုပ်ပြီး အလှူခံလိုက်တာ လိုတာထက် ပိုရသွားလို့ ရွာက မော်ဒယ်မမ တွေကို အသင်းတော်ရဲ့ အနာဂါတ် အားကိုးရသော လူငယ်များဆိုပြီး ကင်ပွန်းတပ် ကောင်းကြီး ထောပနာပြုကြလေတော့၊ ဝမှ လှတယ်လို့ တချိန် က သတ်မှတ်ထားခဲ့ကြတဲ့ လူတွေရဲ့ အမြင်ဟာ ခုချိန်မှာ ဇောက်ထိုးဖြစ်သွားပြီး ဝဝဖြိုးဖြိုး ဂျမ်းပုံမရဲ့ အလှဟာ နှစ်ဆယ့်တစ်ရာစု ခေတ်ကာလမှာ အလှ ရေတိမ် နစ်ခဲ့ရရှာပါတော့တယ်။ အခုဘဲကြည့်လေ၊ ဂျမ်းပုံရဲ့ အသည်းပလ္လင်မှာ နန်းတင်ထားတဲ့ လူငယ် ဓမ္မဆရာလေးက "မော်ဒယ်ကွဲ"လို့ ရွာကလူတွေ ဘိုသံ မပီတပီ ခေါ်ကြတဲ့ ခြေတံရှည်၊ လက်တံရှည် ဒန့်ဒလွန်သီး ကိုယ်လုံးအလှကို ပိုင်ဆိုင်ထားတဲ့ သင်းအုပ်ဆရာရဲ့ သမီးနဲ့ ချစ်ကျွမ်းဝင်နေလို့ လူကြီးစုံရာနဲ့ စေ့စပ်ပွဲ လုပ်ပါသတဲ့။ ဂျမ်းပုံရဲ့ အသည်းတွေ နေလှန်းထားသလို ရေငတ်နေပေမဲ့ သခင်ဘုရားတောင် လူတွေကို ချစ်လွန်းလို့ အသည်းနှလုံး စတေးခဲ့တာကို ပြန်မြင်ယောင် မိပြီး ဟန်မပျက်နဲ့ စေ့စပ်ပွဲကို တစိမ်းဧည့်သည် အဖြစ်နဲ့ ဂျမ်းပုံ အရောက်လှမ်းခဲ့ရပြီပေါ့။ ပုရွက်ဆိတ် အစာလောက်ဘဲ စားတဲ့ မော်ဒယ်မမ ကို ရွေးပြီးယူမှ သူ့ခမျာ စားဝတ်နေရေး ပြေလည်ရှာမှပေါ့လို့ ချစ်သောဆရာ့ကို နားလည်ဖြေသိမ့်ခဲ့ရပါပြီ။ အခုတော့ ဂျမ်းပုံရဲ့ အသည်းမှာ ဗလောင်ခတ်လို့ ငိုမိတော့မှာမို့ စေ့စပ်ပွဲမှာ ကြာကြာ မထိုင်နိုင်တာကို အကြောင်းတစ်ခုပြပြီး လစ်ထွက်ဖို့လုပ်နေတုံး၊ လူအုပ်ကြားထဲက ကရုဏာသံ သဲ့သဲ့က ဂျမ်းပုံ အနား ကပ်၍ ပါလာလေရဲ့။ အဖွားမှုန်က ဘေးနားကလူကို လက်တို့ပြီး အတင်းအဖျင်း ပြောလိုက်တာကတော့ "ဂျမ်းပုံတစ်ယောက် ကောင်းကင်ဘုံက သော့ကိုင်ပေတရုနဲ့ မတွေ့ခင် မြေကြီးပေါ်မှာတော့ အလွမ်းတွေနဲ့ တရားစခန်း ဝင်ရရှာတော့မှာပေါ့" တဲ့ ။ ။

ဂျမ်းပုံ ကဲ့သို့ စာဖတ်သူများနှင့် ကျွန်ုပ်လဲ ပေတရု နဲ့ မတွေ့ခင် လောက၏ အမှုအခင်းများကြားတွင် ရဲဝံ့စွာ ရင်ဆိုင်တွေ့ကြုံ ကျော်လွှားနိုင်ကြပါစေ။ ။ မေတ္တာဖြင့် ( သခင့်စကားစာစောင် လေးနှစ်မြောက် အမှတ်တရ )

**ဆူးရင့်ခိမ်း** ( ခေတ္တ – ကမ္ဘာမြေ )



**သခင့်စကား** စာစောင်သို့ စာမူများ ရေးသားပေးပို့သူများနှင့် စာပေကိစ္စများ ဆွေးနွေးတိုင်ပင် နိုင်ရန်အတွက် မိမိတို့၏ ဆက်သွယ်ရန် နေရပ်လိပ်စာ (သို့) တယ်လီဖုန်းနံပါတ်များ ဖော်ပြပေးပါရန် မေတ္တာရပ်ခံပါသည်။ **MIN AUNG THET LWIN , Blk 76A , #30-02, Red Hill Road, S'PORE 151076.**